ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ တနင်္လာနေ့၊ (7-3-2011) (မြေဖြ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်

နေပြည်တော် မတ် ၆

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် အဆိုပါဆေးရုံကြီး ဥပစာဝင်းအတွင်းရှိ ... နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လွှဲပြောင်း

အစီအစဉ်အရ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်း ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရှိန်ဝင်းက ငွေကျပ် ၇၁၈၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ တို့ကို နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်ထံ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

The Mirror
၇-၃-၂၀၁၁
(တနင်္လာနေ့)

ရေနှင့် အစားအစာသန့်ရှင်းမှု သတိပြု ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ရာ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အစဉ်ဂရုပြုနေထိုင်စားသောက်ကြရမည်ဖြစ်သည်။ ရာသီဥတု အပူအအေးပြောင်းလဲနေသည့်အခါ ကူးစက်ရောဂါများဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်ကြရပေမည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေးဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေသုံးရေညစ်ညမ်းမှုတို့ကြောင့် ပိုမိုဖြစ်ပွားနိုင်သည်။ အဆိုပါရောဂါသည် ယင်ကောင်များမှ တစ်ဆင့် ကူးစက်တတ်သည်။ မသန့်ရှင်းသော ရေနှင့်အစားအစာ၊ မသန့်ရှင်းသောလက်တို့မှလည်း ကူးစက်နိုင်သဖြင့် ကြိုတင်ကာကွယ်ကြရန်လိုအပ်သည်။

ယင်နားစာ၊ အမှည့်လွန်အသီးများနှင့် သန့်သန့်ရှင်းရှင်းပြုပြင်ချက်ပြုတ်မထားသော အစားအစာ၊ လက်သုပ်စသည့် အစားအစာများသည် ဝမ်းပျက်စေနိုင်သဖြင့် စားသုံးမှုမပြုကြရေး ဆင်ခြင်ကြရပေမည်။ လတ်ဆတ်သော အသား၊ ငါးများနှင့်အသီးအရွက်များကို ချက်ပြုတ်စားသောက်ခြင်း၊ အသား၊ ငါး၊ အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများ သီးသန့်ထား၍ အသုံးပြုခြင်း၊ အစားအစာများ ကျက်အောင်ချက်ပြီး စားသောက်ခြင်း၊ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့်အုပ်ထားခြင်းတို့ကို သတိပြုလိုက်နာကြရမည်ဖြစ်သည်။

ထို့အပြင် မသန့်ရှင်းသော သောက်သုံးရေများသည် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သည်။ သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးရည်ခတ်ပြီးမှဖြစ်စေ သောက်သုံးကြရပေမည်။ သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း၊ အိမ်သာနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာတွင် ရှိခြင်းတို့ကြောင့် ရောဂါပိုးများ ဝင်ရောက်နိုင်သဖြင့် အကာအကွယ်များ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ရောဂါကြိုတင်ကာကွယ်ရေးတွင် တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန် အထူးလိုအပ်သည်။ အစာမစားမီ၊ အိုးခွက်ပန်းကန်များ မကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးခြင်း၊ အိမ်သာတက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ယင်လုံအိမ်သာများကို မြို့ရွာအားလုံးတွင် ဆောက်လုပ်အသုံးပြုခြင်းတို့ကို ဂရုတစိုက် လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ တစ်ခုခုဖြစ်ပွားလျှင် ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြား၍ ထိရောက်စွာ ကုသမှုခံယူကြရပေမည်။ ပြည်သူများအားလုံးက သန့်ရှင်းသောသောက်သုံးရေနှင့်အစားအစာများကို သတိပြုစားသုံးကြပြီး ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များနှင့်အညီ နေထိုင်လိုက်နာကြခြင်းဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါသည်။ ။

မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှုကာကွယ်ရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ မိခင်မှကလေးသို့ HIV ပိုးကူးစက်မှု ကာကွယ်ရေးစီမံချက်လုပ်ငန်း အသိပေးညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို မတ် ၃ရက် နံနက် ၈နာရီတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့-အဖွဲ့ခေါင်းဆောင် ဒေါက်တာနန်းရီလှိုင်ဦးက ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြပြီး HIV/ AIDS နှင့်ပတ်သက်သော အသိပညာပေးသင်တန်း ဆက်လက်ပို့ချပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၆

မြန်မာ မြို့ပြအင်ဂျင်နီယာများက စင်ကာပူ မြို့ပြအင်ဂျင်နီယာဆိုင်ရာ အတွေ့အကြုံဟောပြောပွဲကို စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော ဝါရင့် မြန်မာအင်ဂျင်နီယာများက မတ် ၁၉ ရက် (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲထိ ပြည်လမ်း ၆မိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC) ၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဦးဇင်ဦး ဖုန်း-၀၉-၅၀၀၇၂၆၅၊ ဦးသန်းဝင်း (သိန်းသန်းဆန်းကုမ္ပဏီ) ဖုန်း-၀၉-၅၀၁၇၄၂၅၊ ပိုင်အိုးနီးယား ဖုန်း-၆၅၂၈၃၁၊ ဦးလတ်အောင် ဖုန်း-၅၅၃၃၄၄ တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ မြစ်ဆုံတံတားတည်ဆောက်ရေးလုပ်ငန်းနှင့် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည့် အိမ်ထောင်စုဝင်များအား ဆန်၊ ထောက်ပံ့ငွေနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မတ် ၁ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာသစ်တည်ဆောက်ရေးရုံး၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ထို့နောက် တိုင်းမှူးက ရုပ်မြင်သံကြားဖမ်းစက်နှင့် ဆန်တို့ကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ဒေသခံပြည်သူများနှင့် ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စုဝင်မိသားစုများအားရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နေအိမ်များ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်၌လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြစ်ဆုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ပင်မတံတားရေလယ်တိုင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပလန ကျေးရွာအုပ်စု ယုဇနမြိုင်ကျေးရွာအနီး လယ်ယာမြေများ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဟောင်း ဦးသန်းမြင့်နှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဟောင်း ဦးသန်းမြင့် ခေါင်းဆောင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂ ရက်မှ ၄ ရက်အထိ ကျင်းပသည့် Technical Visit in Bangkok -2011 သို့ တက်ရောက်ရန် မတ် ၂ ရက် နံနက် ၉နာရီ မိနစ် ၅၀တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွန်းအောင်နှင့် အမှုဆောင်အရာရှိချုပ် ဦးမြင့်စိုးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုကြီး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးခင်မောင်ဆယ်၊ ဦးစန်းကြူနှင့် ဦးဖိုးအေးတို့ လိုက်ပါသွားခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် Technical Visit in Bangkok -2011 သို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဟောင်း ဦးသန်းမြင့် ခေါင်းဆောင်သည့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ဘိုးဘွားများနှင့် မိဘ ဦးကြီးစိန်-ဒေါ်စန်းတို့အား ရည်စူး၍ ငွေကြယ်ဖြူလမ်း ရေအေးကွင်းရပ်ကွက် တောင်ကြီးမြို့နေ ဦးစိန်ဝင်း- ဒေါ်တင်မာနွယ်၊ သမီး သက်ပြည့်စုံဦးနှင့် ကျန်ရစ်သူမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာ ဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံစဉ်။ (သတင်းစဉ်)

ငွေကြယ်စင်ဘက်စုံသုံး မော်တော်ယာဉ် (MPV) များ ခင်းကျင်းပြသ

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် ၂၀၁၁ ခုနှစ် အိမ်ရာနှင့် အဆောက်အအုံပြပွဲတွင် T & C GROUP ကုမ္ပဏီအုပ်စုမှ ထုတ်လုပ်သော ဘက်စုံသုံးမော်တော်ယာဉ် (MPV) များ ပါဝင်ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

T & C GROUP ကုမ္ပဏီအုပ်စုသည် နိုင်ငံတော်၏ စက်မှုလက်မှု ဖွံ့ဖြိုးရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးမှု ကဏ္ဍများ၊ သတ္တုတူးဖော်ရေးကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍများ တိုးတက်မြင့်မားလာစေရန် အဓိက ဦးတည်ဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသမှ မဖွံ့ဖြိုးသေးသော ဒေသများရှိ တိုင်းရင်းသားလူငယ်များအား အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်စေရန်အတွက် သင်ကြားပေးခြင်းနှင့် စက်မှုကုန်ကြမ်းသီးနှံ ကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးမှုများကို ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားမွေးထုတ်ပေးခြင်းတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဆောင်ရွက်လျက်ရှိ

T & C GROUP Co., Ltd. အနေဖြင့် MPV ကားများကိုလည်း တရုတ်နှင့် ဂျပန် ဖက်စပ်ထုတ်လုပ်သော နည်းလမ်းများကိုရယူ၍ ပြည်တွင်း၌(Model CSS-013 & Model CSS-014) ကားများ အဖြစ်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ပြည်တွင်းဈေးကွက်၌ အမြောက်အမြား ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ Mianyang Huarui Automotive Co., Ltd. နှင့် T & C GROUP Co., Ltd. တို့ ပူးပေါင်းကာ ဂျပန်ပုံစံ M 3 C အင်ဂျင်များကိုလည်း စမ်းသပ်ထုတ်လုပ်၍ ပြည်တွင်း မော်တော်ယာဉ် ထုတ်လုပ်သူများကို အကျိုးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

T & C GROUP ကုမ္ပဏီအုပ်စု ငွေကြယ်စင်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းအမှတ် (၉၆-ဘီ) ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း ရွှေပြည်သာစက်မှုဇုန်အပိုင်း(၄) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၁၈၆၆၀၊ ၆၁၈၆၆၂၊ ၆၁၈၆၆၃နှင့် အမှတ်-၁၂/၁၃၊ ၆၂-လမ်းနှင့် မင်္ဂလာလမ်းထောင့် စက်မှုမြို့သစ် မန္တလေးမြို့ ဖုန်း-၀၂-၅၄၂၀၀ နှင့် ၅၄၅၂၆တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပိုးဘေားရှောင် မလောင်ခင်တား

အလက(၉) အင်းစိန် (ယခင် စိန်ဂျော့) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

၁၉၆၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အလက(၉)အင်းစိန်(ယခင် စိန်ဂျော့)တွင် ပညာသင်ကြား ပို့ချပေးခဲ့ကြသော အသက်(၆၀) ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်မေးမြန်း လှူဒါန်းလိုသူများသည် ဆရာဦးမောင်မောင်ထွေး(ငြိမ်း) ဖုန်း-၀၉-၇၃၀၃၅၇၆၆၊ ဦးစိန်မောင်မြ ဖုန်း-၀၉-၇၃၀၁၂၈၃၇၊ ဦးတင်ထွန်း ဖုန်း-၀၉-၇၃၀၄၃၃၂၄၊ ဦးခင်ချို ဖုန်း-၀၉-၅၁၃၃၁၀၂၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၀၁-၆၆၆၈၆၅၊ ဦးတင်ထွန်းဦး ဖုန်း-၀၉-၈၀၂၃၆၈၈၊ ဒေါ်အေးအေးချစ် ဖုန်း-၀၁-၆၆၅၁၅၉နှင့် ဒေါ်စီစီမာ ဖုန်း-၀၁-၆၄၃၈၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

○ ရွှေ့ဖုံးမှ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် ဆေးရုံအဆောက်အအုံရှိ မော်ကွန်းကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေကြသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးကြသည်။

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို မြေဧရိယာ ၄၁ ဧကပေါ်၌ တည်ဆောက်ထားပြီး ခုတင် (၅၀)ဆံ့ ဆေးကုသဆောင်နှစ်ဆောင်၊ ပြင်ပလူနာဌာန၊ ခွဲစိတ်ဆောင်နှင့် သားဖွားဆောင်တို့ ပါရှိသည်။

ဆေးရုံတွင် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သွားဆေးကုသခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အရေးပေါ်လူနာကုသခန်းနှင့် ကျန်းမာရေးပညာပေးခန်းတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ စိုက်ပျိုးသုတ
- ၄း၃၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၈။ လျှပ်တစ်ပြက်
- ၄း၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၂၁)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၆၃)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ Talk Of The Town
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၇)**
- ၂၅။ Mini Series
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွင်းပိုင်းကို တွေ့ရစဉ်။(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရှိန်ဝင်း ငွေကျပ် ၇၁၈၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံး ပရိဘောဂပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ တို့ကို နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ပြည်မြို့ အထက(၁) မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မတ် ၆

နှစ်ပေါင်း ၁၄၅ နှစ်ကျော် ကြာခဲ့ပြီဖြစ်သည့် ပြည်မြို့ အထက(၁) ကျောင်းတော်ကြီး၏ ၂၀၁၁ ခုနှစ် မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ အဆိုပါမဂ္ဂဇင်းတွင် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးခဲ့သည့် ကျောင်းတော်ကြီး၏ သမိုင်းဝင်အထောက်အထားများ၊ အမှတ်တရဓာတ်ပုံများ၊ လူရည်ချွန်လူရည်မွန်၊ ဘက်စုံထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် သုတရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် စာမူများပေးပို့ကြပါရန်နှင့် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီသို့ စာမူများ၊ စီးပွားရေးကြော်ငြာများကို ကျောင်းအုပ်ကြီး အထက (၁) ပြည်မြို့ ဖုန်း-၀၅၃-၂၄၁၁၈၊ ဦးခင်အောင် (လ/ထ မြို့နယ်ပညာရေးမှူး-ငြိမ်း) ဖုန်း-၀၅၃-၂၅၅၉၇၊ ၀၉-၅၃၁၀၅၄၉ နှင့် ဦးအောင်စိုး အမျိုးသားစာပေဆုရ စာရေးဆရာ(တိရစ္ဆာန်ဆေးကု) ဖုန်း-၀၁-၅၄၅၁၃၅ တို့သို့ မတ် ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၆

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးစိုင်းအောင်သန်းမြ (Yee Thant Co.,Ltd.)သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေတွင် ကစားဖော်များဖြစ်ကြသော ဦးသိန်းစိုး၊ ဦးတင်အောင်လင်း၊ ဦးထွန်းထွန်းအေး(ပဲခူး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V-1ဘောလုံးအား PRGR Iron No.9 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၅ ကိုက်အကွာရှိ ကျင်းအမှတ်(၁၅) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "မြတ်သောစိတ်"တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၆း၃၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာသံဝေဂရယူပါ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၂)**
- ၈း၄၀ နိုင်ငံသားတိုင်းလိုက်နာရမှာ လမ်းမကြီးများရဲ့ ဥပဒေပါ
- ၉း၀၅ စစ်ကွင်း အထက ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၉း၁၅ Activities In The City (အမျိုးသမီးများကိုလှစေမှာ iora)
- ၉း၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
- ၁၀း၀၅ Activities In The City (အမက-၁၂၊ မ/ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ)
- ၁၀း၂၀ The Champion of Dance
- ၁၁း၁၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ စာအုပ်စာပေလူ့မိတ်ဆွေ လက်္ခဏာပညာဖြင့်အိမ်ထောင်ဖက်ကောင်းရွေးချယ်နည်း)
- ၁၂း၃၀ Celebrity Choice(ငယ်ငယ်)
- ၁း၀၀ "မြတ်သောစိတ်"တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၁း၄၀ ထူးထူးခြားခြားပဲခူးမြို့မှမွေ့ဘုရား
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၅ ယခင် အလက(၃)သာကေတ အာစရိယပူဇော်ပွဲ
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၅)**
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၂)**
- ၄း၄၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (အသည်းရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ **MRTV-4 ကာတွန်းအစီအစဉ်**
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk (မျိုးမြတ်သူ၊ ကျော်စိုးဝင်း)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၃၆)**
- ၇း၃၀ ဗီဒီယိုပြခန်း
- ၇း၄၅ မုံရွာမြို့သို့အလည်တစ်ခေါက်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (သူငယ်ချင်းယောက်ဖ တော်တာကောင်းတယ်၊ သူငယ်ချင်းယောက်ဖ မတော်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၃)**
- ၁၀း၁၅ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ အထက(၁)သယ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ
- ၁၀း၄၅ International Show Biz
- ၁၁း၀၀ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
- ၁၁း၁၀ ဈေးဝယ်လမ်းညွှန် (မကွေးမြို့မှ ကောင်းမွန် စူပါမားကတ်)
- ၁၁း၂၅ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁း၃၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
- ၁၁း၅၅ မြန်မာစာ၊ မြန်မာစကား
- ၁၂း၀၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၁၂း၃၀ မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်)
- ၁၂း၄၀ နုပျိုလန်းဆန်းကျန်းမာဖို့ SG 2000 Ultrasonic Bubble Massage Bath
- ၁း၀၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၁း၂၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၂း၁၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၂း၄၅ ကြည်ညိုဖူးမြော်ပုဂံဘုရားစေတီတော်
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ရွှေလာငွေလာသုံးရောင်ခြယ်မာလကာ
- ၄း၃၅ Aureum Palace Resort (Ngwe Saung)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Blackpool - Chelsea	ESPN (Live)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်း ဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်တည်ဆောက်ရေး။

Onshore Gas Terminal တည်ဆောက်ရေးလုပ်ငန်းခွင် စွမ်းအင်ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo နှင့် တာဝန်ရှိသူများ၊ CNPC South East Asia Pipeline ကုမ္ပဏီလီမိတက် President Mr. Zhang Jialin နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနီးရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းအတွက် ဒေဝူးကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Onshore Gas Terminal တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းခွင်ရှုရပ်၌ ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo က တည်ဆောက်ရေးလုပ်ငန်းအတွက် Earth Work နှင့် Foundation လုပ်ငန်းများ အဆင့်လိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Hydrocarbon Area, Non-hydrocarbon Area, Supply Base, Flare Tower, Storm water Interceptor Pond တို့ အဆင့်လိုက် ဆက်လက်တည်ဆောက်တပ်ဆင်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကျောက်ဖြူမြို့ အမှတ်(၁) ဆိပ်ကမ်း အဆင့်မြှင့်တင်တည်ဆောက်နေသော လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ထို့နောက် ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် အလေးထားဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်း ကာလအတွင်းတွင်ပင် သစ်ပင်ပြန်လည်စိုက်ပျိုးရမည့် နေရာများ၌ သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်မျှော်လင့်ပြီး ကာကွယ်တားဆီးမှုများ ဆောင်ရွက်ရန်၊ ဒေသခံများအား လူမှုစီးပွားအစီအစဉ်ဖြင့် ကူညီပံ့ပိုးမှုများပေးရန်နှင့် စီမံကိန်း အချိန်မီပြီးစီးရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း Hydrocarbon Area တွင် Foundation လုပ်ငန်းဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ Onshore Gas Terminal သည် ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ပိုက်လိုင်းဖြင့် ပို့လွှတ်ရောင်းချရေး စီမံကိန်းတွင် ပါဝင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး ကမ်းလွန်ပင်လယ်ပြင်မှ ၃၂ လက်မ ပိုက်လိုင်းဖြင့် ပို့လွှတ်လိုက်သောဓာတ်ငွေ့များ၏ ထုထည်ပမာဏ၊ ဖိအားပမာဏတို့ကို လိုအပ်သလိုထိန်းချုပ်၍ ဆက်လက်ပို့လွှတ်ခြင်း၊ ကမ်းလွန်ထုတ်လုပ်ရေးစင်၊ ဓာတ်ငွေ့လက်ခံစခန်းတို့နှင့် ဆက်သွယ်၍ ပို့လွှတ်မှုအချက်အလက်များကို မှတ်တမ်းတင်ခြင်း၊ အရေးပေါ်အခြေအနေတွင် ဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းခြင်း၊ ပြန်လည်ပို့လွှတ်ခြင်းတို့ကို ထိန်းသိမ်းဆောင်ရွက်မည့် စခန်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၀ ခုနှစ် စက်တင်ဘာမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် မတ်လတွင် အပြီးဆောင်ရွက်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဖြူမြို့ အမှတ်(၁)ဆိပ်ကမ်း အဆင့်မြှင့်တင် တည်ဆောက်နေသော လုပ်ငန်းခွင်သို့ ဆက်လက်သွားရောက်စစ်ဆေးရာ စီမံကိန်းလုပ်ငန်းခွင်၌ Vice President Mr. Si-Bo Joo က အဆင့်လိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စီမံကိန်း အချိန်မီပြီးစီးရေး၊ မှတ်သုံးရာသီ လွတ်အောင် လုပ်ငန်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အဆိုပါ အမှတ်(၁)ဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ Operator ဖြစ်သည့် ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းက ဆောင်ရွက်နေခြင်းဖြစ်ပြီး မူလဆိပ်ခံတံတားဟောင်းသည် နှစ်ကာလကြာမြင့်၍ ခိုင်ခံ့မှုအားနည်းလာသဖြင့် အလျားမီတာ ၂၀ ရှိသော ဆိပ်ခံတံတားဟောင်းကို ဖျက်သိမ်းပြီး အလျားမီတာ ၈၀ ရှိသော ဆိပ်ခံတံတားအသစ်အား အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက ဆိပ်ခံတံတားအသစ်ကို ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ရေယာဉ်များသည်လည်းကောင်း၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း တည်ဆောက်ရေးအတွက် လုပ်ငန်းသုံးရေယာဉ်များသည်လည်းကောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ညှိနှိုင်း၍ မျှဝေသုံးစွဲသွားမည်ဖြစ်သည်။ ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၁ ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တံတားမြို့နယ် (၃၆)လမ်း (အထက်) ကွန်ကရစ်လမ်းသစ်ဖွင့် ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်

ရန်ကုန် မတ် ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ လိုက်ပါ၍ ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၃) ရပ်ကွက် (၂၈) လမ်းရှိ လမ်းအရှည် ပေ ၈၅၀ နှင့် အကျယ် ၂၄ ပေရှိ (၃၆) လမ်း (အထက်လမ်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (အောက်ပုံ) **ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုသည်။**

ထို့နောက် မြို့တော်ဝန်သည် လသာမြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ လမ်းအရှည် ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေရှိ လမ်း (၂၀) (အထက်လမ်း) ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ လမ်းအရှည် ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေရှိ (၂၆) လမ်း (အောက်လမ်း) ကွန်ကရစ်လမ်းဖွင့်ပွဲ၊ အမှတ်(၁/၃) ရပ်ကွက်ရှိ လမ်းအရှည် ပေ ၈၅၀ နှင့် အကျယ် ၂၈ ပေရှိ ကုန်ဈေးတန်းလမ်း (အောက်လမ်း) ကွန်ကရစ်လမ်းဖွင့်ပွဲ၊ အမှတ်(၃) ရပ်ကွက်ရှိ လမ်းအရှည် ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေစီရှိ (၂၇) လမ်း (အောက်လမ်း)နှင့် (၂၈) လမ်း (အောက်လမ်း) ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားနှင့် အမှတ်(၆) ရပ်ကွက်ရှိ လမ်းအရှည် ပေ ၈၅၀ နှင့် အကျယ် ၂၂ ပေရှိ (၂၉) လမ်း (အောက်လမ်း) ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူတို့နှင့်အတူ လမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းကျောက်စာတိုင်များကို အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် တာမွေမြို့နယ် ဗညားဒလလမ်းဆုံ၌ သမိန်ဗရမ်းလမ်းဆုံအထိ ကျိုက္ကဆံလမ်း ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရန် သွက်လက်မြန်ဆန်စွာ ဆောက်ရွက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် စံချိန်စံညွှန်းပြည့်မီစွာ လုပ်ဆောင်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ (၁၉)

အကြိမ်(၁၀၀)မြောက် သွေးလှူ

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ တာမွေမြို့နယ် ယုဇနပလာဇာ အနောက်ဘက်တန်း မြေညီထပ် ဝင်ပေါက်(၁၆) Q-18, R-20 နန်းဦးဝေ ပိုးထည်ဆိုင်မှ ဦးစန်းမောင်မြင့်(စောယွမ်း-ကန့်ဘလူ) (လူမှုထူးချွန်-ပထမဆင့်) **(ယာပုံ)**သည် မတ် ၁ရက်တွင် အမျိုးသားသွေးဌာန၌ စေတနာအလျောက် အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ “သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၁၅ ၃။ အကပဒေသာ
၄:၂၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၁၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေ့မေတ္တာ” (ဒုတိယတွဲ) (အပိုင်း-၁၃)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ “ကမ္ဘာကျော်သရုပ်ဆောင်များ” (အပိုင်း-၁၄)
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပျော်စရာအိပ်မက်ကမ္ဘာ”(အပိုင်း-၈)**
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ ရောက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၅၀)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမေသင်းနှင့် ဆရာဝန်၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများအား တွေ့ဆုံသည်။

အတွင်းရေးမှူး(၁)အား ဆေးရုံအုပ်ကြီး ဒေါက်တာမေသင်းက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဆေးဝါးကုသမှု၊ အုပ်ချုပ်စီမံကိစ္စရပ်များနှင့် ဆေးပဒေသာပင် အလှူငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ဆေးရုံရေရရှိမှု၊ ဆေးဝါးကုသမှု၊ ဆေးရုံသို့ အများဆုံး တက်ရောက်ကုသသည့် ရောဂါများနှင့် ရာသီအလိုက် ဖြစ်ပွားတတ်သည့် ရောဂါများအခြေအနေတို့ကို မေးမြန်းပြီး ပြည်သူများ ယုံကြည်အားကိုးရသည့် ဆေးရုံ တစ်ရုံဖြစ်လာစေရန် ဆေးဝါးကုသရေးနှင့် ဆက်ဆံရေးတို့ကို အမြဲကောင်းမွန်စေရေး၊ ရာသီအလိုက် ဖြစ်ပွားတတ်သည့်ရောဂါများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေး အတွက် ကျန်းမာရေးအသိပညာပေးရေးတို့ကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများနှင့် မွေးကင်းစကလေးသူငယ်များအတွက် ဆေးဝါးကုသရာတွင် လိုအပ်သည့် Incubator ကို ဖြည့်ဆည်းလှူဒါန်းပြီး ဆေးရုံ၌ မျက်စိကုဌာန ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်း စီစဉ်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ညိုညို တင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များနှင့် ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)အား ပတ္တမြားခန်းမ၌ ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏ သင်ကြားမှုနှင့် အုပ်ချုပ်စီမံကိစ္စရပ်များ၊ အခြေခံပညာအထက်တန်း အောင်ချက်နှုန်း များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ကျောင်းသားများ ဘာသာရပ်အလိုက် အောင်မြင်မှုအခြေအနေကို ဆန်းစစ်၍ အားနည်းသည့်ဘာသာရပ်များအတွက် သင်ကြားမှုနှင့် သင်ယူမှု ကောင်းမွန် အောင် ဆောင်ရွက်ကြရန်မှာကြားပြီး ကျောင်းငွေပဒေသာပင်အတွက် အလှူငွေ ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်ခရိုင် ပညာရေးမှူးများ၊ တာဝန်ခံ ကျောင်းအုပ်ကြီး ဦးလွင်ထွန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်နှင့် ကျောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များအားတွေ့ဆုံရာ တာဝန်ခံကျောင်းအုပ်ဆရာကြီးက သင်ကြားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများကိုလည်းကောင်း၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့က ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင် စရိတ် ထောက်ပံ့ချီးမြှင့်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ယနေ့ ဆရာ၊ ဆရာမ များအနေဖြင့် တပည့်ကျောင်းသား၊ ကျောင်းသူများအား သင်ကြားရာတွင် စာမေးပွဲ အောင်မြင်ရုံမျှသာမက အမှန်တကယ်တတ်မြောက်ပြီး လုပ်ငန်းခွင်အတွင်း အရည် အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဝင်ရောက်နိုင်အောင် လေ့ကျင့်သင်ကြားပေးရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ အားနည်းသည့် ဘာသာ ရပ်များကို လေ့လာစိစစ်၍ အားနည်းရသည့် အခြေခံအကြောင်းတရားများကို ဖော်ထုတ်ပြီး သင်ကြားမှုနှင့် သင်ယူမှုအပိုင်းများ ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရေး၊ မိမိတို့ကျောင်းများ၏ ရှိပြီးသော အစဉ်အလာကောင်းများကို ဆက်လက်မြှင့်တင်ထိန်းသိမ်း၍ သင်ကြားမှုအပိုင်းနှင့် စည်းကမ်းထိန်းသိမ်းမှုအပိုင်း များ ကောင်းမွန်စေရန်အတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ကျောင်းငွေပဒေသာပင်အတွက် အလှူငွေ များကို ပေးအပ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထက(၂)လှိုင်(ဒေါ်သာထက် အထက်တန်းကျောင်း)အာစရိယပူဇော်မည်

ရန်ကုန် မတ် ၆

အထက(၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းရှိ သိင်္ဂါရွှေဝါခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ နှင့် အဝေးရောက် ဆရာကြီး၊ ဆရာမကြီး များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ် စေ တက်ရောက်ကြပါရန်နှင့် ကျောင်း သား၊ ကျောင်းသူဟောင်းများ မပျက် မကွက် တက်ရောက်ကြပါရန် ဖိတ်ကြား ထားသည်။

အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း လိုပါက ဆရာဦးမင်းဇော် ဖုန်း-၅၂၂၂၅၀၊ လိုင်းခွဲ-၂၄၀၊ ဦးမောင်မောင် (ရွှေစံအိမ်)ဖုန်း-၀၉-၅၀၁၉၄၈၄၊ ဦးကြည်သန်း ဖုန်း-၅၁၂၅၄၆၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၇၂၅၆၀၈၊ ဦးအုန်းကြူ ဖုန်း-၀၉-၅၁၀ ၁၂၈၆၊ ဦးရဲနိုင်လင်း ဖုန်း-၀၉-၅၁၀၀ ၃၉၃၊ ဦးရွှေသိုက် ဖုန်း-၅၁၂၉၂၅၊ ဦးမျိုးမြတ်သူ ဖုန်း-၀၉-၈၀၃၄၇၁၀၊ ဦးမျိုးခင် ဖုန်း-၀၉-၅၁၈၇၅၄၆၊ ဦးဖြိုးကို ဖုန်း-၅၂၁၃၁၁၊ ဦးဖြိုးပြည့်စုံ ဖုန်း-၀၉-၉၀၄ ၂၂၃၇၊ ဦးမောင်မောင်ကြီး ဖုန်း-၇၃၀၉ ၃၉၃၂နှင့် ဦးအောင်သိန်း ဖုန်း-၀၉-၄၉၂၇၄၈၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါတံတားသစ် ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မှုတွင် ၂၅၉ စင်းမြောက် တံတားသစ်ကြီးဖြစ်သကဲ့သို့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၃ စင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးဖြစ်ကြောင်း၊ ဤတံတားကို မိမိတို့နိုင်ငံသူနိုင်ငံသား ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် ကမ္ပည်းမော်ကွန်းတင်နိုင်ခြင်းလည်းဖြစ်ကြောင်း။

ယခုကဲ့သို့ မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွန်းလာခြင်းသည် နိုင်ငံနှင့်လူမျိုး၏ စီးပွားရေး ခနေအင်အားခိုင်မာမှု၊ စိတ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအား ပြည့်ဝမြင့်မားလာမှုတို့ကို ဖော်ညွှန်းနေခြင်းလည်းဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ စေတနာသည် ပြည်သူပြည်သား တစ်ဦးချင်း၏ ဆန္ဒဖြစ်သည့် ဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ ပရိယေသန ရှာမှီးရင်း စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်း မြင့်မားလိုမှု၊ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေထိုင်သွားလာလိုမှု၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် ယှဉ်တွဲပြီး မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေလိုမှုဆိုသော အခြေခံသာသာ တိုးတက်များပြားလာသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ သီပေါတံတားဟောင်းသည် တန်ချိန် ၃၀ ခံနိုင်ဝန်ရှိသည့် တစ်လမ်းသွား ဘေလီတံတားဖြစ်သဖြင့် အလေးချိန်ခံနိုင်ဝန်နည်းသဖြင့် မကြာခဏ သံပေါင်များ ချို့ယွင်းမှုရှိခြင်းကြောင့် ပြုပြင်နေရခြင်း၊ သံပေါင်များ ပြုပြင်ပြီးသည်အထိ ယာဉ်များစွာ စောင့်ဆိုင်းနေရခြင်း၊ တင်ဆောင်လာသော ကုန်ပစ္စည်းများ ရွှေ့ပြောင်းတင်ချနေရခြင်းတို့ကြောင့် ငွေကုန်ကြေးကျပိုမိုများပြားပြီး ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကာ အခက်အခဲကြုံတွေ့မှုများ များစွာဖြစ်ပေါ်ခဲ့ရသည်ကို ဒေသခံပြည်သူလူထုများ အသိဆုံးပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ အခက်အခဲများကို ကျော်လွှားပြီး အသုံးပြုယာဉ်ကြီးများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားသစ်များ တည်ဆောက်ရန်လိုအပ်လာကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပေ ၁၈၀ အထက် တံတားများဖြစ်သည့် ကြင်သီတံတား၊ စဥ့်အင်တံတား၊ သိန္နီတံတား၊ နမ့်ခိုင်တံတားနှင့် ဂုတ်တွင်းတံတားများ တည်ဆောက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုနှင့်လမ်းလုပ်ငန်းတွင် ထူထဲသည့်အောက်ခံကျောက်လွှာများတွေ့ရသဖြင့် အခက်အခဲများ များစွာရှိခဲ့သော်လည်း ကုမ္ပဏီမှ အတတ်ပညာရှင်များ၏စွမ်းအားဖြင့် ဤအခက်အခဲများကို ကျော်လွှားကာ တံတားအရှည် ၅၆၉ပေရှိပြီး ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်ဝန်ရှိသည့် သီပေါတံတားသစ်ကြီးကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုတံတားသစ်သည် အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးတွင် ခြောက်စင်းမြောက် ပေ ၁၈၀ အထက် တံတားအဖြစ် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

လွှဲပြောင်းဆောင်ရွက်ခဲ့

အေးရှားဝေါလ် ကုမ္ပဏီသည် ဤတံတားကြီးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်း လားရှိုး-မူဆယ်(မိုင်းယု)လမ်းအပိုင်း ၁၀၂ မိုင် ၃ ဖာလုံကို ၁၉၉၆ ခုနှစ်ကစပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ BOT စနစ်ဖြင့် စတင် လွှဲပြောင်းဆောင်ရွက်ခဲ့ကြောင်း။

ဆက်လက်၍ ယင်းလမ်းမကြီးတွင်ပင်

◆**ကျောဖုံးမှ**

အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးအတွက်သာမက ပြည်ထောင်စုတစ်ဝန်းလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ် တံတားတစ်စင်းဖြစ်သည့် သီပေါတံတားသစ်ကို အောင်မြင်စွာ ဖွင့်လှစ်လိုက်သည့် မင်္ဂလာနေ့ပင် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လိုအပ်ချက်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် လမ်းများ၊ တံတားများကို တည်ဆောက်ခဲ့ရာ၌ ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် သွားလာ၍ရသည့် လမ်းကွန်ရက်စနစ်များ များစွာ ဖြစ်ထွန်းနေပြီဖြစ်ပါကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် သီပေါတံတားသည် နိုင်ငံတော်၏ ပေ ၁၈၀ အထက် တံတားကြီးများတည်ဆောက်ခဲ့အကြောင်းတရားများကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဆိုသည့် မှန်မြတ်သော ရည်မှန်းချက်များပင်ဖြစ်ကြောင်း။

ယခုဆိုလျှင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် အထောက်အကူပြုနေသော မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် အသုံးပြုသော ယာဉ်စီးရေနှင့် ကုန်ပစ္စည်းတင်ဆောင်မှုများသည် သိသိအတွေ့အကြုံရှိပြီးဖြစ်သော လမ်းပိုင်းကို BOT အဖြစ် တာဝန်ယူထားသော အေးရှားဝေါလ်ကုမ္ပဏီက တံတားသစ်များကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

တံတားသစ် တည်ဆောက်စဉ် ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးအတွက် ယာယီအသုံးပြုနိုင်သည့် ပွန်တွန်းတံတားတစ်စင်းကို အေးရှားဝေါလ်ကုမ္ပဏီက တည်ဆောက်ပေးခဲ့ပြီး ယာဉ်ကြီးများအသုံးပြု သွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် ဤတံတားသစ်ကို တည်ဆောက်ခဲ့ရာ၌ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်စဉ် ၁၉၉၈ ခုနှစ်က နောင်ချို-ကျောက်မဲလမ်းအပိုင်း ၄၄ မိုင်၊ ၂၀၀၀ပြည့်နှစ်က မိုင်းယု-မူဆယ်လမ်းအပိုင်း ၁၀ မိုင်နှင့် မူဆယ်-နမ့်ခမ်းလမ်းအပိုင်း ၂၂ မိုင်၊ ၂၀၀၂ ခုနှစ်က မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်းအပိုင်း ၇၁ မိုင်၊ ၂၀၀၆ ခုနှစ်က ကျောက်မဲ-လားရှိုးလမ်းအပိုင်း ၄၉ မိုင် စုစုပေါင်းလမ်းမိုင် ၂၉၈ မိုင် ၃ ဖာလုံကို BOT ယူခဲ့သည့် အချိန်ကစ၍ စံချိန်စံညွှန်းများနှင့်အညီ လမ်းကြံ့ခိုင်မှု ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကုမ္ပဏီမှ အတတ်ပညာရှင်များ၊ ဝန်ထမ်းများ၏စွမ်းအားဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)



သီပေါတံတားသည် နိုင်ငံတော်၏ ပေ

မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတ

စိတ်ဓာတ်စွမ်းအား၊ အတတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ သီပေါတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(သတင်းစဉ်)

✪ စာမျက်နှာ ၇ မှ

စနစ်တကျ စေတနာပါပါဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း။

မန္တလေး - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည်သာမက မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေးတွင် ပြည်တွင်းမှကုန်များတင်ပို့ခြင်းနှင့် ပြည်ပမှ ကုန်များတင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အရေးပါသော လမ်းမကြီးဖြစ်ကြောင်း။

အေးရှားဝေါ်လ်ကုမ္ပဏီ၏ စေတနာထားကြိုးပမ်းလုပ်ဆောင်မှု၊ စွမ်းဆောင်မှုကြောင့် ယခုအခါ ဤလမ်းမကြီးကို

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

လွယ်ကူချောမွေ့စွာ အသုံးပြုဆက်သွယ်သွားလာနိုင်ပြီဖြစ်သဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ် ကုန်သွယ်မှုလုပ်ငန်းတွင် ကုန်စည်စီးဆင်းမှုများ လျင်မြန်သွက်လက်သည့် အကျိုးကျေးဇူးများ ပိုမိုရရှိလာတော့မည်ဖြစ်သဖြင့် စံချိန်စံညွှန်းမီ လမ်းတံတားများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့သည့် အေးရှားဝေါ်လ်ကုမ္ပဏီနှင့် ကုမ္ပဏီဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံကောင်းများကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်ကို ဦးတည်ချက်ရှိရှိဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိနေကြောင်း ပြောကြားလိုကြောင်း။

ဝိုင်းဝန်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ယခုဖွင့်လှစ်ပေးသည့် တံတားကြီးကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။ ဤတံတားကြီးအပါအဝင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို သားစဉ်မြေးဆက်တိုင် အသုံးချနိုင်ရေး ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

တိုးတက်မြင့်မားမည်

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောက အမှာစကားပြောကြားရာတွင် ယခုတံတားသစ်ကြီးမတည်ဆောက်မီကဆိုလျှင် နေ့စဉ်ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ အလေးချိန်ကြောင့် မကြာခဏ တံတားပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်းပိတ်ဆို့ရပ်တန့်မှုများ၊ ညအိပ်ရပ်နားစောင့်ဆိုင်းရမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ကုန်တင်ယာဉ်ကြီးများဆိုလျှင် ကုန်ပစ္စည်းများကို တံတားတစ်ဖက်တွင် ချထားပြီး ယာဉ်တစ်စီးချင်း ခေါက်တုံ့ခေါက်ပြန် သယ်ယူဖြတ်သန်း သွားလာကြရကြောင်း။

ဤတံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ခရီးသွားပြည်သူများ၊ လူစီးနှင့် ကုန်စည်ပို့ဆောင်မည့် ယာဉ်ကြီး၊ ယာဉ်ငယ်များအလွယ်တကူ ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက်သာမက အခြားတိုင်းဒေသကြီး၊ ပြည်နယ်များအထိ ယာဉ်များ အလွယ်တကူ သွားလာနိုင်ပြီဖြစ်သည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာ၌လည်း လွယ်ကူမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ တံတားကြီး၊ တံတားငယ်များနှင့် ဒေသချင်းဆက်လမ်းများ အကျိုးကျေးဇူးကြောင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့လာသည်နှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နယ်မြေလုံခြုံအေးချမ်းမှုလည်း ပိုမိုတိုးတက်ကောင်းမွန်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူပြုပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ အလားတူ နိုင်ငံနှင့်အဝန်း ပေါ်ပေါက်နေပြီဖြစ်သည့် လမ်းများ၊ တံတားကြီး၊ တံတားငယ်များကြောင့် နိုင်ငံတော်၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ သွက်လက်မြန်ဆန်လာခြင်းနှင့် ဒေသအချင်းချင်း ဆက်သွယ်ဆက်ဆံမှုများ လွယ်ကူချောမွေ့သည့် ကောင်းကျိုးချမ်းသာမှုများကိုလည်း ရယူခံစားရမည် ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဖွံ့ဖြိုးမှု၏ အခြေခံဖြစ်သော လမ်းနှင့်တံတားများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်မှာ ပြည်နယ်/ပြည်မ လူမျိုးခွဲခြားမှုမရှိဘဲ တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က မည်သို့ပင်ဆောင်ရွက်ပေးပါစေ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မှုမရှိလျှင်၊ စောင့်ရှောက် ထိန်းသိမ်းမှုမရှိလျှင် တိုးတက်မှုဆိုသည်မှာ ဖြစ်လာမည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးမှုအခြေခံများကို အသုံးချပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတား

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကေ
အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့



အေးရှားဝေါ်လ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံကောင်းများကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေး အတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်ကို ဦးတည်ချက်ရှိရှိဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိ။

်းသည် နိုင်ငံတော်၏ ပေ ၁၈၀ အထက် တံတားကြီးများ တည်ဆောက်ခဲ့မှုတွင် ၂၅၉ စင်းမြောက် တံတားသစ်ကြီးဖြစ်

ားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီပေါ်ထွန်းလာခြင်းသည် နိုင်ငံနှင့်လူမျိုး၏ စီးပွားရေးမနအင်အား ခိုင်မာမှု၊ ်ဓာတ်စွမ်းအား၊ အတတ်ပညာ၊ နည်းပညာစွမ်းအား ပြည့်ဝမြင့်မားလာမှုတို့ကို ဖော်ညွှန်းနေခြင်းလည်းဖြစ်

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့ သီပေါတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ၂၅၉ စင်းမြောက် သီပေါတံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က ငွေကြေးကုန်ကျခံကာ ၁-၅-၂၀၀၈ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤတံတားသစ်ကြီးကို တည်ဆောက်သည့် အေးရှားဝေါလ် ကုမ္ပဏီသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သော မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းအပိုင်းကို BOT စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါကြောင်း။

ဤတံတားသစ်ကြီး မတည်ဆောက်မီက မိုင် (၁၃၀/၄)နှင့် (၁၃၀/၅) ကြားတွင်ရှိသော တံတားဟောင်းသည် ၁၉၈၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဒုဋ္ဌဝတီမြစ်ရေတက်ပြီး တောင်ကျရေနှင့် ပါလာသော သစ်ပင်ကြီးများက တံတားကို တိုက်ချိုးမှုကြောင့် တံတားတစ်စင်းလုံး ပြုတ်ကျပျက်စီးခဲ့ဖူးပါကြောင်း၊ ၁၉၈၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဤတံတားကြီးကို ပြန်လည်တည်ဆောက်ပေးခဲ့ပြီး ယခုဆိုလျှင် တံတားသက်တမ်းသည် ၂၅ နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ဤတံတားပေါ်တွင် ကုန်တင်ယာဉ်ကြီးများ တစ်နေ့တခြား တိုးပွားများပြားစွာ ဖြတ်သန်းသွားလာနေကြသည့်အတွက် တံတားခံနိုင်ဝန် ကျဆင်းလာခြင်း၊ တံတားကြီးကြံ့ခိုင်မှု အားနည်းလာခြင်းနှင့် နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ အလေးချိန်ကြောင့် တံတားဟောင်းသည် မကြာခဏ ပျက်စီးယိုယွင်းမှုများ ဖြစ်လာသည့်အတွက် လမ်းကြောင်းပိတ်ဆို့ ရပ်တန့်မှုများ၊ ယာဉ်များ ညအိပ်ရပ်နား စောင့်ဆိုင်းရမှုများ ဖြစ်ပေါ် ကြုံတွေ့ခဲ့ရကြောင်း၊ တံတားခံနိုင်ဝန်သည်လည်း ကျဆင်းလာသည့်အတွက် ကုန်တင်ယာဉ်ကြီးများသည် ကုန်ပစ္စည်းများကို တံတားပေါ်တွင် ခေါက်တုံ့ခေါက်ပြန် သယ်ယူဖြတ်သန်းသွားလာနေရပြီး လမ်းခရီးလုံခြုံချောမွေ့မှုနှင့် ကုန်စည်စီးဆင်းမှုကို နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ရပါကြောင်း၊ ထို့အပြင် တံတားပေါ်တွင် ယာဉ်တစ်စီးချင်းသာ ဖြတ်သန်းခွင့် ပြုခြင်းဖြစ်၍ တံတားတစ်ဖက်တစ်ချက်စီတွင် ယာဉ်များ စောင့်ဆိုင်းနေခဲ့ကြရပါကြောင်း၊ ယခုဆိုလျှင် နှစ်လမ်းသွားတံတားသစ်ကြီး ဖွင့်လှစ်လိုက်ပြီဖြစ်သဖြင့် ယာဉ်များ စောင့်ဆိုင်းရန် မလိုတော့ဘဲ လွယ်ကူချောမွေ့စွာဖြင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလျင်မြန် လွယ်ကူစေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ တိုးတက်ခိုင်မာလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိကြမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည့်စုံကောင်းမွန်လာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ ၁၈၀ အောက်တံတားပေါင်း ၂၉၄၃ စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီး ၂၅၉ စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ အထက် တံတား ၅၈ စင်း တည်ဆောက်နေဆဲဖြစ်ပါကြောင်း၊ ယခု ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွား ကားလမ်းနှင့် ရထားလမ်းပူးတွဲ တံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသက်သက် တံတားကြီး တစ်စင်းတည်ဆောက်နေပါကြောင်း။

တိုးတက်ဆောင်ရွက်နိုင်

ထို့အပြင် လမ်း၊ တံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၉၇၉ မိုင် ၅ ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် ၈၃၄၄ မိုင် ၅ ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော လမ်းများအနက် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဆောင်ရွက်နေသော လမ်းများမှာ-

(၁) သီပေါ-ပန်လုံ-နမ့်ဆန်လမ်း မိုင် ၃၀၊ ၇ ဖာလုံ
(၂) လားရှိုး-မန်စံ-ပန်လုံလမ်း ၂၈ မိုင် ၄ ဖာလုံ
(၃) မန်စံ-နမ္မတူ-မန်တုံလမ်း ၃၇ မိုင်
(၄) ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း ၇၆ မိုင် ၃ ဖာလုံ
(၅) နမ့်ဆန်-မန်တုံလမ်း ၃၇ မိုင်
(၆) ကွတ်ခိုင်-တာမိုးညဲ-တာပါး-ညံခွမ်း-(တာရွှေထန်) ၁၈ မိုင် လမ်းခွဲ လမ်း ၇၈ မိုင် တို့ဖြစ်ပါကြောင်း။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာပြည်တစ်ပြည်လုံး လမ်းများကို ခရိုင် ၆၇ ခရိုင်၊ အထူးအဖွဲ့ ငါးဖွဲ့၊ အထူးအဖွဲ့ခွဲ ငါးဖွဲ့ပါသော ဆောက်လုပ်ရေးအဖွဲ့များနှင့် လမ်း၊ တံတားလုပ်ငန်း လုပ်နေသော ကုမ္ပဏီ ၁၂၆ ဖွဲ့တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် BOT ရရှိထားသော ကုမ္ပဏီ ၃၆ ခု ကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းပေါင်း ၈၄ လမ်း၊ လမ်းမိုင်ပေါင်း ၅၂၅၂ မိုင် ၁ ဖာလုံကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါကြောင်း။

ဝန်ကြီး ဦးခင်မောင်မြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယနေ့ဖွင့်လှစ်သော တံတားကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီဖြင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ လက်ရှိအဆင့်အတန်းထက် နိမ့်ကျမသွားအောင်၊ ရေရှည်အသုံးပြုသွားနိုင်အောင် ထိန်းသိမ်းကြရန် အရေးကြီးပါကြောင်း၊ လမ်းဆိုလျှင်လည်း လမ်းအလိုက်၊ တံတားဆိုလျှင်လည်း တံတားအလိုက် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုသွားရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဤတံတားကြီးသည် နိုင်ငံတော်၏အကျိုးစီးပွားနှင့်ဆက်စပ်၍ ဒေသ၏အကျိုးစီးပွားကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်းတွင်ရှိသည့် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု ဤတံတားကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သီပေါမြို့မှ ဦးစိုင်းလွန်းသာက သီပေါတံတားသစ်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသထွက်ကုန်များ လွယ်ကူချောမွေ့စွာ၊ လျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်သည့်အပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့်အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးသည်လည်း ပိုမိုကြီးထွား ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ကုန်စည်ကူးသန်းမှု လျင်မြန် တိုးတက်လာသည့်အတွက် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများသည်လည်း ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်လှသည့် စေတနာပြယုဂ်ဖြစ်သော သီပေါတံတားသစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် မိမိတို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားပါမည်ဟု ကတိစကားပြောကြားလိုပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အေးရှားဝေါလ် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က သီပေါတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တံတားဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် သီပေါတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီပေါတံတားသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မန္တလေး-လားရှိုးလမ်း မိုင်တိုင် အမှတ်(၁၃၀/၃) နှင့် (၁၃၀/၄)အကြား၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၅၆၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် ငါးပေစီပါရှိသည့် တံတားဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ (သတင်းစဉ်)



...ကီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီး...ကို တွေ့ရစဉ်။ (သတင်းစဉ်)

လာမည့်နွေရာသီတွင် ပေါင်သန်း ၁၀၀ အသုံးပြု၍ မန်ယူအသင်းကို သွေးသစ်လောင်းရန် ဖာဂူဆန်ပြင်ဆင်

မန်ချက်စတာ မတ် ၆

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် မိမိအသင်းအား လာမည့်နွေရာသီတွင် သွေးသစ်လောင်း၍ အသင်းကို တည်ဆောက်ရန် ပြင်ဆင်နေကြောင်းသိရသည်။ အဆိုပါ ပြင်ဆင်မှုအတွက် ဖာဂူဆန်အနေဖြင့် ပေါင်သန်း ၁၀၀ အထိ အသုံးပြုသွားမည်ဟုဆိုသည်။

ဖာဂူဆန်သည် အကယ်၍ မိမိ အနားယူသွားပါက မန်ယူအသင်းကို အအောင်မြင်ဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ရန် ခြေစွမ်းခြေစရှိသည့် ပါရမီရှင်ဘောလုံးသမားများကို ခေါ်ယူရန်ပြင်ဆင်နေခြင်း ဖြစ်သည်။ ဖာဂူဆန်ခေါ်ယူရန် ပဏာမလျာထားသည့် ကစားသမားများမှာ စပါးအသင်းမှ ဘယ်တောင်ပံကစားသမား ဂါရတ်ဘေးလ်၊ ဗီလာမှ တောင်ပံကစားသမား အက်ရှ်လေယန်း၊ ဆန်းဒါးလန်းကွင်းလယ်ကစားသမား ဟန်ဒါဆန်၊ အဲဗာတန်မှရှော့ဝဲလ်၊ ဆောက်သမ်ပတန်မှ ချန်ဘာလိန်းနှင့် ဂိုးသမားနေရာအတွက် စတီခီလန်ဘတ်တို့ကိုပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ ***အင်တာနက်။***

ပရီမီယာလိဂ်ဒိုင်များ၏ ဆုံးဖြတ်ချက်များအပေါ် စိတ်ပျက်လျက်ရှိသည့် အာစင်ဝင်းဂါး။

ဒိုင်၏ဆုံးဖြတ်ချက်အပေါ် အာစင်ဝင်းဂါးစိတ်ပျက်လျက်ရှိ

လန်ဒန် မတ် ၆

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အမ်းမရိတ်ကွင်းတွင် ဆန်းဒါးလန်းအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး၏ဆုံးဖြတ်ချက်များကို စိတ်ပျက်လျက်ရှိကြောင်းသိရသည်။

အာစင်ဝင်းဂါးက"အာရှာဗင်လူမကျွံဘူးဆိုတာ အတိအကျပြောရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘာမှမတတ်နိုင်ခဲ့ဘူး။ ဒီနေ့ပွဲဟာတရားမျှတမှုမရှိဘူးဆိုတာသေချာပါတယ်။ ဒီလိုကိစ္စတွေက ပရီမီယာလိဂ်မှာ မကြာခဏကြုံတွေ့နေရပါတယ်"ဟု ညည်းတွားပြောဆိုခဲ့သည်။ ချယ်လ်ဆီးနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင်လည်း မန်ယူနည်းပြဖာဂူဆန်က ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆန်ကို ပြင်းထန်စွာဝေဖန်တိုက်ခိုက်ခဲ့သည်။ ထိုသို့ ဒိုင်လူကြီးများနှင့် နည်းပြများအကြားတွင် မကြာခဏဆိုသလို ဝေဖန်စရာ၊ အငြင်းပွားစရာများရှိနေခြင်းက ပရီမီယာလိဂ်ဒိုင်လူကြီးများ တရားမျှတမှု မရှိတော့ပြီလားဟု မေးခွန်းထုတ်စရာတစ်ခုပင်ဖြစ်လာခဲ့ပြီဖြစ်သည်။ ***အင်တာနက်။***

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ရလဒ်

လီဗာပူး	၃ - ၁	**မန်ယူ**
ဒရက်ကောက်		ဟာနန်ဒက်ဇ်
(၃၄'၊၃၉'၆၅')		(၉၀+၂')

ဟန်သစ်

တောင်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် မတ် ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။**နေ့အပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် သုည ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၇ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၅၀၂၁ ဒသမ ၇၅ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် မတ် ၆

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိ ဘိန်းခင်း ၁၄၂၆၀ ဒသမ ၈ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘိန်းခင်း ၇၆၀ ဒသမ ၉၅ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၁၅၀၂၁ ဒသမ ၇၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၇၆၀ ဒသမ ၉၅ ဧကအနက် ရှမ်းပြည်နယ် မိုင်းတုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်နှင့် မိုးမိတ်မြို့နယ်အတွင်းမှ ၃၄၉ ဒသမ ၆၅ ဧက၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်အတွင်းမှ ၄၁၁ ဒသမ ၃၀ ဧက ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွန်ကရစ်နှင့် မြေစမ်းသပ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၆

Amigos International Co., Ltd.မှ အီတလီ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံထုတ် Geotechnical Testing Equipment များ၊ သတ္တုတွင်းနှင့် ဘူမိဗေဒလုပ်ငန်းသုံး Geophysical Investigation Equipment များ၊ ဘူမိဗေဒလေ့လာရေးလုပ်ငန်းသုံး Geological Instrument များ၊ မြေသားနမူနာယူသည့် တွင်းတူးစက် Drilling Machine များ၊ Water Quality Testing Equipment များ၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းသုံး(Agri-tech)ပစ္စည်းများအား တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အင်္ဂလန်နိုင်ငံထုတ် Palintest အမှတ်တံဆိပ်၊ Water Quality Testing Epuipment များဖြစ်သည့် PH meter များ၊ EC meter များ၊ Dissolve Oxygen (DO)meter များ၊ Turbidity meter များ၊ TDS (Total Dissolve Solid) meter များသည် ရေ၏အရည်အသွေးအား ဓာတုဗေဒနည်းဖြင့် တိုင်းတာပေးနိုင်သော ပစ္စည်းများဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် အသုံးဝင်သည့်ပစ္စည်းများနှင့် မိုးလေဝသနှင့် ဇလဗေဒ၊ စိုက်ပျိုးရေးသုတေသနပစ္စည်းများ ဖြစ်သော Eijkelkcamp အမှတ်တံဆိပ် Soil Auger များ၊ Water Level Indicator များ၊ ရေစီးနှုန်းတိုင်းတာသည့် Current meter များ၊Tide Gauge များ၊ Rain Gauge များသည် စိုက်ပျိုးရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ မိုးလေဝသနှင့် ဇလဗေဒ တိုင်းတာရေးလုပ်ငန်းများတွင် အသုံးဝင်လှသောပစ္စည်းများ ဖြစ်သည်။

Amigos International Co., Ltd.မှ အဆိုပါ ပစ္စည်းများအတွက် တစ်နှစ်အာမခံပေးထားပြီး ဆက်သွယ်ရန်လိပ်စာ အမှတ် SH–၁၀၂၊ SH တိုက်တန်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ သစ္စာလမ်း၊ (၈) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁–၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉ ၅၀၂၅၉၇၂၊ ၀၉–၇၃၀၈၇၇၀၉၊ ၀၉၄၉၂၂၅၉၈၄၊ Fax ၀၁–၅၆၄၅၂၀နှင့် www.amigomyanmar.com တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်သန်း ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘောဂဗေဒဘာသာရပ်တွင် မြန်မာတစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသည့် လေးဘာသာဂုဏ်ထူးရှင် မောင်ကောင်းမြတ်ကျော်အား ဆုချီးမြှင့်စဉ်။

(၅၄၃)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၆

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝဲကြီးကျေးရွာနေ မောင်ရန်လင်းအောင်သည် မတ် ၅ ရက်တွင် ဝါးခုတ်ရန် ရွာမှထွက်ခွာလာစဉ် နံနက် ၇ နာရီခွဲခန့်တွင် ရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ တောတွင်းတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေချင်းဝတ်အောက်မှပြတ်ဒဏ်ရာရရှိခဲ့ပြီး တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့် ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံး မပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

အထက(၅) တောင်ဥက္ကလာ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၆

အထက(၅) တောင်ဥက္ကလာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက်က အဆိုပါကျောင်းရှိ မြတ်လေးအောင်ခန်းမ၌ ကျင်းပသည်။

ကန်တော့

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ကျောင်းသားဟောင်း ဦးဝင်းထူးမှ ကန်တော့ချီးကို တိုင်ကြားကာ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်ခင်လေးတင့်၊ ဆရာကြီး ဦးကြည်ဝင်းနှင့် ဆရာကြီး ဦးအေးကိုထွန်းတို့က ဆုံးမသြဝါဒစကား မြွက်ကြားသည်။ ငွေကျပ်တစ်သိန်းအထက် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ကြကာ အခမ်းအနားကို အကျွေးအမွေးဖြင့် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုတစ်ဝန်းလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်တံတားတစ်စင်းဖြစ်သည့် သီပေါတံတားသစ် အောင်မြင်စွာဖွင့်လှစ်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့တွင် လမ်းများ၊ တံတားများကို တည်ဆောက်ခဲ့ရာ၌ ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် သွားလာ၍ရသည့် လမ်းကွန်ရက်စနစ်များ များစွာဖြစ်ထွန်းနေ

နေပြည်တော် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် အေးရှားဝေါလ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် သီပေါတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတားဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် **စာမျက်နှာ ၇ ကော်လံ ၁ သို့**◆

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သီပေါတံတား ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)